# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

စာအမှတ်၊မကမ-၀၁/သာမန်အသုံးစရိတ်/၂၀၂၄(၂၅၅)

ရက် စွဲ ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

အကြောင်းအရာ။ **ဈေးနှုန်းအဆိုပြုလွှာပေးသွင်းရန်ဖိတ်ခေါ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင် Sloar Inverter နှင့် တွဲဖက်အသုံးပြုရန် Battery (12V,200AH) (6 Nos)ဝယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဌာနတွင်းဘုတ်အဖွဲ့ဖြင့် တင်ဒါစည်းကမ်းချက်များနှင့် အညီ ဈေးနှုန်းစိစစ်ရွေးချယ် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းမည့်သူများသည် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ဈေးနှုန်းတင်သွင်းလွှာများကို ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ လိပ်မူ၍ (၂၇-၁၁-၂၀၂၄)ရက်နေ့ အရောက်ပေးပို့ရပါမည်။

(ခ) တင်ဒါအဆိုပြုလွှာများ (ဈေးနှုန်းကမ်းလှမ်းလွှာ)ကို ဌာနဈေးနှုန်းစိစစ်ရေးအဖွဲ့မှ စိစစ်၍ ဈေးနှုန်းအနည်းဆုံးဖြစ်သော ကုမ္ပဏီ/လူပုဂ္ဂိုလ်အား ဌာနတွင်းတင်ဒါကော်မတီမှစိစစ်ပြီး ဝန်ကြီးဌာနတင်ဒါကော်မတီသို့ မှတ်တမ်းတင် အတည်ပြုနိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်မည်။

(ဂ) တင်ဒါအောင်မြင်ပြီးသော်လည်းကောင်း၊ ကုန်ပစ္စည်းပေးသွင်းရန် ရွေးချယ်ခံရပြီးကြောင်း အကြောင်းကြားပြီးသော်လည်းကောင်း၊ ငြင်းဆိုခဲ့လျှင် နာမည်ပျက်စာရင်းတွင် ထည့်သွင်းခံရမည်ဖြစ်သည်။

(ဃ) နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း(Black List) တင်တွင်းထားသော ကုမ္ပဏီ/ အရောင်းဆိုင်/လူပုဂ္ဂိုလ်ဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

(င) တင်သွင်းသောပစ္စည်းများသည် တိုင်းဒေသကြီး/ပြည်နယ်အရောက် ဈေးနှုန်းဖြစ်ရမည်။

(စ) ဈေးနှုန်းအဆိုပြုလွှာ အောင်မြင်သောကုမ္ပဏီအား ဌာနမှပစ္စည်းလက်ခံရရှိပြီး ငွေပေးချေရာတွင် သတ်မှတ်ချက်များအတိုင်းသာပေးချေသွားမည်ဖြစ်ပါသည်။

(ဆ) ပေးသွင်းသည့်ပစ္စည်းသည် အသစ်ဖြစ်ပြီး ဈေးနှုန်း၊ အရည်အသွေး၊ ပစ္စည်းအမျိုးအစား မှန်ကန်ရမည်။

(ဇ) ဈေးနှုန်းအဆိုပြုလွှာအောင်မြင်သူသည် တင်ဒါအောင်မြင်ကြောင်း အကြောင်းကြားပြီး ရက်သတ္တ(၂)ပတ်အတွင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်သွားရန်နှင့် သတ်မှတ်ရက်အတွင်း စာချုပ်ချုပ်ဆိုခြင်းမရှိပါက ကုမ္ပဏီအား အမည်ပျက်စာရင်း ကြော်ငြာခြင်းခံရမည်ဖြစ်ပါသည်။

(ဈ) ဌာနမှဖွဲ့စည်းထားသည့် အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ၏ စစ်ဆေးမှုကိုခံယူပြီး၊ ကော်မတီ၏လမ်းညွှန်ချက်များကို လိုက်နာရမည်။

(ည) ဝယ်ယူမည့်ပစ္စည်းများ၏ Specification မှာ ဌာနမှရွေးချယ်သတ်မှတ်ထားသည့် အတိုင်းအတာ ကုန်ပစ္စည်းအမှတ် တံဆိပ်၊ အရည်အသွေးအတိုင်းဖြစ်ရမည်။

(ဋ) ဝယ်ယူမည့်ပစ္စည်းများအား ဌာနသို့လုပ်ငန်းအပ်နှံပြီးနောက် အနည်းဆုံး(၁)နှစ် အာမခံရမည်ဖြစ်ပါသည်။

(ဌ) ဈေးနှုန်းအဆိုပြုလွှာ အောင်မြင်သူများသည် လုပ်ငန်းဆောင်ရွက်ခွင့် အကြောင်းကြားစာရရှိပြီးသည့်နေ့တွင် Performance Guarantee (၁၀%)ကို စာချုပ်ချုပ်ဆိုပြီး (၁၀) ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် ဘဏ်အာမခံ (Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်။

(ဍ) တင်ဒါကော်မတီသည် ရရှိသောတင်ဒါတစ်ခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုဘဲ ပယ်ဖျက်ခွင့်ရှိသည်။

(ဎ) ဈေးနှုန်းအဆိုပြုလွှာ ဝင်ရောက်ယှဉ်ပြိုင်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် တင်ဒါကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို သိရှိနားလည်ပြီးဖြစ်သည်ဟု ယူဆမည်ဖြစ်သည်။

(ဏ) တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို လိုက်နာမှုမရှိလျှင်သော်လည်းကောင်း၊ ဌာနအားမထီမဲ့မြင် ပြုလုပ်ပါကလည်းကောင်း၊ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းခြင်းမှ ပယ်ဖျက်ပြီး အာမခံစပေါ်ငွေကို သိမ်းဆည်းခြင်း ခံရမည်ဖြစ်ပါသည်။

(တ) စျေးနှုန်းတင်သွင်းလွှာများအား အချိန်မီအရောက်ပေးပို့ရန်နှင့် နောက်ကျမှ ရောက်ရှိလာသော စျေးနှုန်းတင်သွင်းလွှာများအား ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးမည်မဟုတ်ပါ။

20/11/2024

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(နေဆန်း၊ ညွှန်ကြားရေးမှူး )

**ဖြန့်ဝေခြင်း ( ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန် )**

ညွှန်ကြားရေးမှူး ၊ စီမံရေးရာဌာနခွဲ ၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မူပိုင်ခွင့်ဦးစီးဌာန

**မိတ္တူကို**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

ညွှန်ကြားရေးမှူး၊ သာဘဏ ------------------------------ဌာနခွဲ

(ကုမ္ပဏီများသို့ ဖိတ်ခေါ်ပေးနိုင်ပါရန်)

မျှော/လက်ခံ

# အရည်အသွေးစံချိန်စံညွှန်းနှင့် ဈေးနှုန်းအဆိုပြုလွှာ ခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင် Sloar Inverter နှင့် တွဲဖက်အသုံးပြုရန် Battery (12V, 200AH) (6 Nos) ဝယ်ယူရေးလုပ်ငန်းအတွက် အရည်အသွေးစံချိန်စံညွှန်းနှင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | သတ်မှတ်စံချိန်စံညွှန်း |
|---|---|---|
| (က) | Battery (12V 200AH) (6 Nos) | Battery (12V 200AH) |
| ( ခ) | အဆိုပြုလွှာတင်ပြရမည့် ရက်နှင့်အချိန်၊ နေရာ | (၂၀-၁၁-၂၀၂၄)ရက်နေ့မှ(၂၇-၁၁-၂၀၂၄) အထိ၊ (ရုံးချိန်အတွင်း)၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၃)၊ နေပြည်တော်။ |
| ( ဂ) | အဆိုပြုလွှာဖွင့်မည့် အချိန်နှင့်နေရာ | ထပ်မံအကြောင်းကြားပါမည်။ |

၂။ အဆိုပြုလွှာစည်းကမ်းချက်များကို ကြော်ငြာကပ်သည့်ရက်မှစ၍ အောက်ဖော်ပြပါ ဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ရုံးအမှတ်(၃)၊ နေပြည်တော်။

ဖုန်း(၀၆၇-၄၀၈၆၀၁၁)၊ (၀၆၇-၄၀၈၆၀၁၃)